မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 6, 2025 Volume 91, Number 5

၆.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၉.၃၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၂၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၄.၅၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၃.၄၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြေသြဇာလုပ်ငန်းမှတ်ပုံတင် ၇၀၀၀ ကျော် ခွင့်ပြုထား



မြေသြဇာတင်သွင်းမှုနဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေအတွက် တင်သွင်းလာတဲ့ မှတ်ပုံတင်လက်မှတ်တွေကို စိစစ်ခဲ့ရာ လက်ရှိအချိန်ထိ မှတ်ပုံတင်အစောင် ၇ ထောင်ကျော်ကို လုပ်ငန်းလိုင်စင်ခွင့်ပြုထားတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနကနေ သိရပါတယ်။

လုပ်ငန်းမှတ်ပုံတင်တွေကို အလွယ်တကူ လျှောက်ထားနိုင်ဖို့အတွက် အွန်လိုင်းကနေ လျှောက်လို့ရအောင် ဆောင်ရွက်ထားတာပါ။

တင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်ရရှိထားတဲ့ မြေသြဇာတွေကို ပြည်တွင်းမှာ တင်သွင်းဖြန့်ဖြူးမယ်ဆိုရင် သွင်းကုန်လိုင်စင်လျှောက်ထားဖို့ စိုက်ပျိုးရေးဦးစီးဌာနရဲ့ မြေသြဇာအဖွဲ့နဲ့နည်းပညာအဖွဲ့တွေက ထောက်ခံစာတွေကို ထုတ်ပေးနေတယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်ထိ မြေသြဇာတင်သွင်းမှု၊ ထုတ်လုပ်မှုလုပ်ငန်း တွေအတွက် မှတ်ပုံတင်လက်မှတ် ၁၂,၇၀၀ ကျော် စိစစ်ခွင့်ပြုပေးခဲ့တဲ့အထဲမှာ ပြန်လည်ပယ်ဖျက်လိုက်တဲ့ မှတ်ပုံတင်လက်မှတ် ၅၀၀၀ ကျော်ရှိပြီး လက်ရှိမှာ မှတ်ပုံတင်အစောင်ရေ ၇၆၀၀ ကျော်နဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ရုံးပတီသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ရုံးပတီသီးနှံကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးကို ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး ၂ လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ ၈ ထုပ်ခန့်ကုန်ကျကြောင်း၊ တန်းခြား ၃ ပေ၊ ပင်ခြား ၁ ပေ- ၁ ပေခွဲထား၍ ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃,၀၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို ၂ ရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် ရုံးပတီသီးအတောင့်ရေ ၁၇၅,၀၀၀ တောင့်ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ဒေသတွင်းသို့ ပြန်လည်ရောင်းချကြကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး ရာသီမရွေးစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံကသိရသည်။

**Source : DOCA (ပဲခူး)**

https://commerce.gov.mm/

## ယခုနှစ်မိုးရာသီတွင် သရက်ချောင်းမြို့နယ်၌ ကော်ဖီဧက ၅၀ ခန့် တိုးချဲ့စိုက်ပျိုးမည်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကြီးမှူး၍ကော်ဖီဧက ၅၀ ခန့်တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ထိုသို့ ကော်ဖီဧက တိုးချဲ့စိုက်ပျိုးနိုင် ရန် ကော်ဖီပျိုးပင်ပေါင်း ၂၀,၀၀၀ ခန့် ပျိုးထောင်ထားရှိပြီး အဆိုပါပျိုးပင်များကို တောင်သူများအား အခမဲ့ဖြန့်ဝေပေးကာ တိုးချဲ့စိုက်ပျိုးမည့်အပြင်ကော်ဖီပင်များအတွက် လိုအပ်သော ဓာတ်မြေသြဇာများကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်သည်။

"သရက်ချောင်းမြို့နယ်အတွင်း ဒီနှစ်မိုးရာသီမှာ ကော်ဖီဧက ၅၀ ခန့် တိုးချဲ့စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲဒီအတွက် ကော်ဖီပျိုးပင်ပေါင်း ၂၀၀၀၀ ခန့်ပျိုးထောင်ထားပြီး ဇွန်လပထမပတ်ကစပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ တောင်သူတွေကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်"ဟု သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

သရက်ချောင်းမြို့နယ်ရှိ တောင်သူများသည် ကော်ဖီကို အများအားဖြင့် အရိပ်ရအပင်များကြားတွင် သီးညှပ်အနေဖြင့် စိုက်ပျိုးကြပြီး ဥယျာဉ်ခြံသီးနှံများအပြင် ကော်ဖီကိုလည်း ရာသီအလိုက်ခူးဆွတ်ရောင်းချကာ တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေရရှိစေရန် ရည်ရွယ်စိုက်ပျိုးကြောင်း သိရသည်။

နှစ်စဉ် သရက်ချောင်းမြို့နယ်၌ ကော်ဖီကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ပြီးခဲ့သည့်နှစ် မိုးရာသီကလည်း သရက်ချောင်းမြို့နယ်၌ ကော်ဖီ ၁၅၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများကို လိုအပ်သောဓာတ်မြေသြဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးနေသည့်အပြင် စိုက်ပျိုးရေးနည်းပညာများကို

ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရွှေသွယ်ရင် စပါးအမျိုးအစား တင်း ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲ မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရွှေသွယ်ရင် စပါး အမျိုးအစား တင်း ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်၌ဆန်စပါး ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။


အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလက ရွှေသွယ်ရင်စပါး အမျိုးအစား တင်း ၅၀,၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရွှေသွယ်ရင်စပါး အမျိုးအစား တင်း ၆၅,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ရွှေသွယ်ရင်စပါး အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က ဒီလထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းမှာရော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားကတခြားစပါးတွေနဲ့ယှဉ်ရင်အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းကရော ရေလမ်းကပါ အဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းက ပြောသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း စပါးများတင်ပို့အားကောင်းခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေလာကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## သခွားသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် မြုပ်သခွားသီးနှံ (ခ)သခွားရှည်သီးနှံများကို စိုက်ပျိုးလာကြကြောင်း သိရသည်။

သခွားသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး ၃ လခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းချ နိုင်ကြောင်း၊မျိုးသွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၅ သိန်းခန့်ကုန်ကျကြောင်း၊ သခွားသီးကို ၂-၃ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အလုံးရေ ၃၀၀-၄၀၀ ခန့် ထွက်ရှိရာ တစ်ဧကလျှင် သခွားသီးအလုံးရေ ၅,၀၀၀ ခန့်ထွက်ရှိကြောင်း၊ ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ သခွားသီးသည် လူကြိုက်များပြီး ဝယ်လိုအားရှိသောကြောင့် သခွားသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ ဝင်ငွေရရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ငါးလုပ်ငန်းကဏ္ဍအား မြှင့်တင်ဆောင်ရွက်ရန်ကြိုးပမ်းနေသည့် လာအိုနိုင်ငံ



လာအိုနိုင်ငံ၏ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန သည်၎င်း၏ မိတ်ဖက်များနှင့် ပူးပေါင်း၍ နိုင်ငံ၏ငါးဖမ်းလုပ်ငန်းကဏ္ဍအား စဉ်ဆက်မပြတ်တိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ငါးမျိုးစပ်ခြင်း၊ ငါးသားပေါက်များပြုစုပျိုးထောင်ခြင်းနှင့် ငါးပုစွန်များ စောင့်ရှောက်မှုအား မြှင့်တင်ခြင်းတို့အပါအဝင် ငါးလုပ်ငန်းကဏ္ဍတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆက်လက်မြှင့်တင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မေလ ၂၃ ရက်နေ့ဝန်ကြီးဌာနမှထုတ်ပြန်သော အစီအရင်ခံစာအရ သိရသည်။

ဝန်ကြီးဌာနမှ ဒေသထွက်ငါးအစာများပြုစုခြင်း၊ မျိုးရိုးဗီဇဆိုင်ရာသုတေသနပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံရှိငါးမျိုးစိတ်များ မှတ်ပုံတင်ခြင်းတို့ကို ပံ့ပိုးပေးနိုင်ရန်လည်း စီစဉ်ထားသည်။ နောက်ဆက်တွဲလုပ်ငန်းအစီအစဉ်များတွင် ပေါင်းစပ်ငါးမွေးမြူရေးကို မြှင့်တင်ခြင်း ငါးဖမ်းလုပ်ငန်းတိုးချဲ့ခြင်းနှင့်ဖလှယ်ခြင်း၊ လူသားအရင်းအမြစ်စွမ်းရည်မြှင့်တင်ခြင်းတို့ပါဝင်သည်။

လာအိုအစိုးရသည် လယ်သမားများနှင့်ထုတ်လုပ်သူများအား ပြည်တွင်းဈေးကွက်သို့ ကုန်ပစ္စည်းများပိုမိုထောက်ပံ့ရန်၊ လိုအပ်နေသောနိုင်ငံခြားငွေဝင်ရောက်လာစေရန်၊ မြင့်မားသောနိုင်ငံခြားငွေလဲလှယ်နှုန်းကို လျှော့ချရန်အတွက် ပို့ကုန်တင်ပို့မှုအတွက်သာ ပိုမိုထုတ်လုပ်ရန် တွန်းအားပေးလျက်ရှိသည်။

လာအိုအစိုးရသည် နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ ၂၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကဏ္ဍ၏ပံ့ပိုးကူညီမှုကိုတိုးမြှင့်ရန် ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ်အတွက် စိုက်ပျိုး ရေးကဏ္ဍတွင် ၄ ဒသမ ၃ ရာခိုင်နှုန်းခန့်တိုးတက်မှုကို ရရှိနိုင်ရန်ရည်မှန်းထားကြောင်း သိရသည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ၌ ပြည်တွင်းသစ်သီးစားသုံးမှုကိုမြှင့်တင်ရန်ရည်ရွယ်၍ ထိုင်းသစ်သီးပွဲတော်ကို ဇွန်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့ထိ ကျင်းပသွားရန် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက စီစဉ်လျက်ရှိ

ထိုင်းနိုင်ငံ၌ ပြည်တွင်းသစ်သီးစားသုံးမှုကို မြှင့်တင်ရန်ရည်ရွယ်၍ ထိုင်း သစ်သီးပွဲတော် ဇွန်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့ထိ Siam Square တွင် ကျင်းပသွားရန် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနက စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်သည် သစ်သီးထွက်ရှိသည့် တောင်သူများထံမှ လုပ်ငန်းရှင်များထံသို့ လတ်ဆတ်နှင့်ပြုပြင်ပြီး သစ်သီးများကို တိုက်ရိုက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ လူငယ်စားသုံးသူများနှင့် နိုင်ငံခြားခရီးသွားများကိုဆွဲဆောင်ရန် ဒူးရင်းသီးဘူဖေးပါဝင်မည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ ပြည်တွင်းသစ်သီးစားသုံးမှုကို အားပေးလိုပြီး တောင်သူများအတွက် သစ်သီးခူးဆွတ်ရာသီတွင် ဝင်ငွေတိုးမြှင့်စေရန်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် ဇွန်လ ၄ ရက်နေ့မှ ဩဂုတ်လ ၂၇ ရက်နေ့အထိ လက်လီလက်ကားရောင်းချသည့် စတိုးဆိုင်များတွင် ရာသီပေါ်သစ်သီးများရောင်းချပေးမည့်လှုပ်ရှားမှုတစ်ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားသောပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သည့် ဓာတ်ငွေ့အရောင်းဆိုင်များကလည်း သစ်သီးအများဆုံးထွက်ရှိသည့်ရာသီတွင် သစ်သီးများကိုဝယ်ယူ၍ ၎င်းတို့၏ဈေးဝယ်သူများသို့ လက်ဆောင်အဖြစ်ပေးခြင်းဖြင့် ထောက်ပံ့ပေးကြကြောင်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

ထို့ပြင် ဦးစီးဌာနသည် တောင်သူများအတွက် ကုန်ကျစရိတ်လျှော့ချပေးရန်ရည်ရွယ်၍ သစ်သီးခူးဆွတ်သည့်နေရာများတွင် သစ်သီးပုံး ၃၀၀,၀၀၀ ကိုဖြန့်ဝေပေးသွားရန် စီစဉ်ထားကြောင်း၊ ထိုင်းစာတိုက်လုပ်ငန်းက အော့ဖ်လိုင်းနှင့်အွန်လိုင်းရောင်းချမှုများတွင် ထောက်ပံ့ပို့ဆောင်ရေးတွင် အကူအညီပေးပါကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဒူးရင်းသီးများဈေးကွက်အတွင်းရောက်ရှိနေပြီး တရုတ်နိုင်ငံက ဓာတ်ကြွင်းစစ်ဆေးမှုကိုလျှော့ချပေးမှုကြောင့် ပို့ကုန်အခြေအနေလွယ်ကူနေသဖြင့် ဈေးနှုန်းမြင့်တက်နေပါကြောင်း၊ ဒူးရင်းသီးအဆင့် AB သည် ၁ ကီလိုဂရမ်လျှင် ၁၃၀ ဘတ်၊ အဆင့် C သည် ၁ ကီလိုဂရမ်လျှင် ၉၃

ဘတ်နှင့် အဆင့် D သည် ၁ ကီလိုဂရမ်လျှင် ၇၉ ဘတ်အသီးသီးဖြစ်ကြောင်း သိရသည်။

မင်းဂွတ်သီး ၅၀ ရာခိုင်နှုန်းခန့်သည် ခူးဆွတ်ပြီးဖြစ်ရာ ဈေးနှုန်းသည် အရည်အသွေးပေါ်မူတည်၍ ၁ ကီလိုဂရမ်လျှင် ဘတ် ၃၀ မှ ဘတ် ၈၉ ထိအသီးသီးရှိကြောင်း၊ ကြက်မောက်သီးသည်လည်း ၅၀ ရာခိုင်နှုန်းခန့်ကို ခူးဆွတ်ပြီးဖြစ်သကဲ့သို့ ပို့ကုန်ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၃၈ ဘတ်ရှိပြီး ပြည်တွင်းရောင်းဈေးမှာ ၂၇ ဘတ်ဖြစ်ကြောင်း၊ ယခုနှစ်တွင် သရက်သီးထွက်ရှိမှုများသဖြင့် ဝယ်ယူသူနှင့်တောင်သူများအကြား ဈေးနှုန်းသက်သာသောဖြန့်ချိရေးနည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများထံမှ တိုက်ရိုက်ရရှိလာသော သစ်သီးများကို ဖျော်ရည်အဖြစ်ကြိတ်ခွဲပေးသည့် Forth Vending များလည်းပတ်စေခြင်းနှင့် AirAsia နှင့်ဆွေးနွေး၍ တောင်သူများထံမှ သရက်သီးများဝယ်ယူပေးရန် ဆွေးနွေးခဲ့ကြောင်း Mr. Wittayakorn က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ဂျပန်နိုင်ငံ၏ လယ်ယာဝန်ကြီးအသစ်သည် ဆန်ဈေးနှုန်းများကျဆင်းအောင်ဆောင်ရွက်နိုင်မည်ဟု ဂျပန်ပြည်သူများက မျှော်လင့်ထား



ဂျပန်နိုင်ငံသား ၆၀ ရာခိုင်နှုန်းနီးပါးသည် လယ်ယာဝန်ကြီးချုပ်အဖြစ်Shinjiro Koizumiကို ခန့်အပ်ပြီးနောက် ဆန်ဈေးကျဆင်းမည်ဟု ယုံကြည်ကြောင်း ကျိုတိုသတင်းစစ်တမ်းတစ်ခုအရသိရသည်။

ဆန်ဈေးနှုန်းများ မြင့်တက်လာပြီးနောက် ဝန်ကြီးဟောင်း Taku Eto က သူ့အားထောက်ခံသူများလုံလောက်စွာပေးပို့ထားသောကြောင့် ဆန်အားမည်သည့်အခါမှ မဝယ်ယူပါဟူသော ပြည်သူများအမျက်ထွက်စေသော မှတ်ချက်စကားကြောင့် ရာထူးမှနုတ်ထွက်ပြီးနောက် ယခုကဲ့သို့ အပြောင်းအလဲဖြစ်လာခဲ့ခြင်းဖြစ်သည်။

ရောင်းလိုအား တည်ငြိမ်အောင် အစိုးရကကြိုးပမ်းနေသော်လည်း လွန်ခဲ့သည့်နှစ်တွင် ဆန်ဈေးသည် နှစ်ဆတက်လာခဲ့သည်။ Koizumi သည် သိုလှောင်ထားသောဆန်များကို လက်လီရောင်းချသူများထံ တိုက်ရိုက်ရောင်းချခြင်းဖြင့် ယန်း ၂၀၀၀ (အမေရိကန်ဒေါ်လာ ၁၄ ခန့်) လျှော့ချနိုင်ရန်စီစဉ်ထားသည်။

ကျူဒိုစစ်တမ်းတွင် ဝန်ကြီးချုပ် Shigeru Ishiba ၏ ဝန်ကြီးအဖွဲ့အားထောက်ခံမှု ၃၁ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း ၅၂ ဒသမ ၆ ရာခိုင်နှုန်းမှာ မနှစ်သက်သေးကြောင်းပြသခဲ့ကြောင်း သိရသည်။

Source : Xinhua

DOCA(ရန်ကုန်)

https://www.doca.gov.mm/

# STOCK EXCHANGE (6.6.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 6,900 | 7,000 | 6,700 | 457 | 3,166,100 | 33,109,694 | 231,768 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 4,313 | 13,017,000 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 30 | 234,000 | 10,400,986 | 81,128 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 658 | 1,184,400 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 99 | 277,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,558 | 2,551,750 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 10 | 39,500 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 375 | 1,162,500 | 23,804,946 | 73,795 |


YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)


Home > Main Board > Market Data > Market summary

## Market summary

As of 5th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.77 | +2.79 | +0.79% | 351.98 | 354.77 | 348.97 | 7,500 | 21,632,450 | 8 | 669,154 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

### Main Board

As of 1:00 pm, 5th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,500 (Shares) | 21,632,450 (MMK) |

| MYANPIX | 354.77 ▲ 2.79 |
|---|---|
| Total Volume (shares) | 7,500 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,154 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |